ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)
ပါတီဗဟိုဌာနချုပ်
P.O Box-6, Mae Hong Son 58000, Thailand Email: knpphq2013@gmail.com Office Phone/Fax: +66-53615908
Secretriat mobile: GS: (+66)999428659, S1: (+66) 895531296, S2: (+66) 650194009

## တရားဥပဒေမဲ့ လူမဆန်စွာ ညှင်းပမ်း သတ်ဖြတ်မှုအပေါ် အပြင်းအထန် ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာချက်

လွိုင်ကော်မြို့နယ်၊ ပါလောင်းကျေးရွာနှင့် ဒေါတခြားကျေးရွာအကြား (၇)မိုင်တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသဘောတူညီချက် လက်မှတ် ရေးထိုးပြီးနောက် ပြည်သူလူထုများ၏ ဘဝလုံခြုံမှု၊ မူးယစ်ဆေးဝါး လျော့ချမှုနှင့် တရားမဝင်သစ်များ သယ်ဆောင်လာခြင်းအား စစ်ဆေးရန်အတွက် ၂၀၁၃-ခုနှစ်အတွင်း၌ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ပြည်ထဲရေးဌာန၊ လွိုင်ကော်မြို့နယ် တပ်ဖွဲ့မှ လိုအပ်လျှင် လိုအပ်သလို စစ်ဆေးနိုင်ရန် ယာယီစစ်ဆေးရေးဂိတ်တစ်ခုအား ဖွင့်လှစ်ထားရှိကာ ၂၀၁၇-ခုနှစ်၊ ဒီဇင်ဘာလ (၂၀)ရက်နေ့တွင် တာဝန်ကျနေသော ကရင်နီရဲဘော်များအား လွိုင်ကော် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် လက်အောက်ခံတပ်မှ ဝင်ရောက်စီးနင်း၍ ရွာသား (၁)ဦး (ပျောက်ဆုံးနေဆဲ) နှင့် ရဲဘော် (၄)ဦး တို့အား ဖမ်းဆီးပြီး ဥပဒေမဲ့ လူမဆန်စွာ ညှင်းပမ်း နှိပ်စက် သတ်ဖြတ်မှု ပြုလုပ်ခဲ့ခြင်း ဖြစ်ပေါ်ခဲ့ပါသည်။

ဖြစ်စဉ်မှာ ၁၉-၁၂-၂၀၁၇ ရက်နေ့ ညနေအချိန်တွင် အစိုးရစစ်တပ်မှ နယ်စပ်တပ်စခန်းများသို့ ရိက္ခာပို့ ပြန်လာသော စစ်ကားများအား စစ်ဆေးမှု ပြုလုပ်ခဲ့ရာ သစ်မျိုးစုံနှင့် မျောတိုင်များကို ထင်းခြောက်များ၊ ဝါးများဖြင့် ဖုံးအုပ်လျက် သယ်ဆောင်လာသည်ကို တွေ့ရှိရသော်လည်း ပြန်လည် လွှတ်ပေးလိုက်ပြီးနောက် ဒကစ လက်အောက်ခံတပ် ခလရ (၅၄) တပ်ဖွဲ့သည် ညဖက်ပိုင်းတွင် ပြန်လာပြီး ယာယီဂိတ်အား ဝိုင်းရံထားခဲ့ကာ ၂၀-၁၂-၂၀၁၇ ရက်နေ့ မနက်ပိုင်း၌ ဝင်ရောက်စီးနင်းခဲ့၍ ရဲဘော် (၄)ဦး လူမဆန်စွာ ညှင်းပမ်း နှိပ်စက် သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။ အစိုးရစစ်တပ်မှ ကရင်နီ ရဲဘော်များအား ထင်သလို သတ်ဖြတ်ခြင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံ၌ ဥပဒေစိုးမိုးရေး လုံးဝ ကင်းမဲ့နေကြောင်း ပြသလိုက်ခြင်း ဖြစ်သည်။

၁။ မိမိတပ်ဖွဲ့ဝင်များမှ ခုခံခြင်း မပြုဘဲ လက်ခံတွေ့ဆုံညှိနှိုင်းသော်လည်း အစိုးရစစ်တပ်မှ အင်အားသုံးပြီး စီးနင်းသတ်ဖြတ်ခြင်းသည် လက်ရှိအစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော တရားဥပဒေစိုးမိုးရေးနှင့် စစ်ဥပဒေဆိုင်ရာ ဥပဒေတို့အား ချိုးဖောက်ရာ ရောက်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံက လက်မှတ်ရေးထိုး အတည်ပြုထားသော နိုင်ငံတကာစစ်ဥပဒေဖြစ်သည့် ဂျီနီဗာကွန်ဗင်းရှင်းကို ချိုးဖောက်ခြင်း ဖြစ်သည်။ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်း ဖြစ်သည်။

၂။ ဤဖြစ်ရပ်သည် လက်ရှိအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအင်အားစုများ

အကြား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ယုံကြည်မှု လျော့နည်းစေပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကို သွေဖီသွားစေနိုင်ပါသည်။ ပြည်နယ်အဆင့်တွင်သာမက

ပြည်ထောင်စုအဆင့်တွင်ပါ လက်မှတ်ရေးထိုးထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အား မြန်မာအစိုးရစစ်တပ်က ၎င်းတို့ သဘောတစ်ခုတည်းနှင့် ဥပက္ခာပြုလိုက်ခြင်း ဖြစ်သည်။

၃။ ၂၀၀၈-ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၃ (က) နှင့် ၃၄၃ တို့အရ စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးသည် အရပ်ဘက်ဆိုင်ရာ တရားစီရင်ရေး၏ ကြီးကြပ်မှုမှ လုံးဝ လွတ်ကင်းနေသည့်အပြင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အယူခံစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးထားခြင်းကြောင့် ဖြစ်သည်။

၄။ အထက်ပါဖြစ်ရပ်များသည် လက်ရှိအာဏာရ အစိုးရနှင့် တပ်မတော်တို့မှ လုံးဝ တာဝန်ယူမှု တာဝန်ခံမှု ရှိရမည် ဖြစ်ပြီး အမှန်တရား ပေါ်ပေါက်စေရေးအတွက် ပွင့်လင်းမြင်သာမှုရှိသော တရားစီရင်ရေးစနစ်ဖြင့် အမှန်တရားကို ဖော်ဆောင်ပေးရမည် ဖြစ်သည်။

၅။ အပစ်အခတ်ရပ်စဲထားသည့်ကာလအတွင်းတွင် ပြင်းထန်သည့် ရာဇဝတ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုကြီးများအား လက်နက်ကိုင်ပဋိပက္ခ၏ မည်သည့်ဘက်ကဖြစ်စေ ကျူးလွန်ကြလျှင် အဆိုပါ ကျူးလွန်သူများအပေါ် အရေးယူဆောင်ရွက်နိုင်မည့် လွတ်လပ် ဘက်မလိုက် ထက်မြက်သော တရားစီရင်ရေးယန္တရားအား နိုင်ငံတကာ၏ ပါဝင်ဦးဆောင်မှုဖြင့် ဖွဲ့စည်းတည်ဆောက်ထားရန် လိုအပ်ကြောင်းလည်း ဤမှုခင်းကြီးက သက်သေပြလိုက်ခြင်း ဖြစ်သည်။

၆။ နှစ်ဦးနှစ်ဘက်ကိုယ်စားလှယ်များ ပါဝင်သော ပူးတွဲစုံစမ်းစစ်ဆေးရေးအဖွဲ့ (၁)ခု ဖွဲ့စည်းပြီး အမှု၏ အစကနဦးမှနေ၍ တရားရုံးတင်သည့်အဆင့် ရောက်သည်အထိ စုံစမ်းစစ်ဆေးမှုဖြစ်စဉ်အားလုံးအား လုပ်ဆောင်သွားစေရမည်။ ထို့နောက် စုံစမ်းစစ်ဆေး တွေ့ရှိချက်များအား နှစ်ဘက်မှ အဆိုတင်သွင်းသော နိုင်ငံတကာဥပဒေပညာရှင်များ ပါဝင်သည့် ခုံရုံးတစ်ခုကို ဖွဲ့စည်းစေကာ မှုခင်းကြီးကို စနစ်တကျ စစ်ဆေးစီရင်ပြီး ကျူးလွန်သူများအား ထိုက်သင့်သည့် ပြစ်ဒဏ် ချမှတ်သွားရန် တောင်းဆိုလိုက်သည်။

၇။ သို့ဖြစ်ပါ၍ ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရတို့၏ နှစ်ဦးနှစ်ဖက်အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် (Bilateral Ceasefire Agreement) အား ချိုးဖောက်ရာ ရောက်သည့်အပြင် ဖြစ်စဉ်သည် တရားဥပဒေမဲ့ လုပ်ရပ် ဖြစ်ပြီး မမှန်ကန်သည့်အတွက် အပြင်းအထန် ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

ပါတီဗဟိုကော်မတီ

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

စာအမှတ်၊ ၀၇/ကမတပ/ထပ/၂၄၆/၂၀၁၇

ရက်စွဲ၊ ၂၀၁၇-ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်